သရောဘုန်းချောင်းဖျား

ကံချောင်(သရောဘုန်း)ကျေးရွာအုပ်စု၊ မြောင်းမြမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

# (၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကံချောင်(သရောဘုန်း)ကျေးရွာအုပ်စု၊ သရောဘုန်းချောင်းဖျားကျေးရွာ၊ မြောင်းမြမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

မြောင်းမြမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက

ကူညီရေးဆွဲသည်။)

၂၀၂၂ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


၁။ သရောဘုန်းချောင်းဖျားကျေးရွာ သယံဇာတပြမြေပုံ၊ မြောင်းမြမြို့နယ်

၂။ သရောဘုန်းချောင်းဖျားကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၈။ ပညာရေး

၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၁၁။ ကျား/မရေးရာ

၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု(၄၈)ဇယားများ

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၃)

# သရေဘုန်းချောင်းဖျားကျေးရွာ၊ သယံဇာတပြမြေပုံ



# သရေဘုန်းချောင်းဖျားကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲလ | တပေါင်းလ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | ☀ | ☀ | ☀ 🌧 | 🌧 | 🌧 | 🌧 | ☀ 🌧 | ☀ | ဆောင်း | ဆောင်း | ဆောင်း | ☀ |
| အလုပ်အကိုင် | သင့် | သင့် | များ | များ | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | များ |
| ဝင်ငွေ | နည်း | နည်း | များ | များ | သင့် | နည်း | နည်း | များ | များ | နည်း | နည်း | နည်း |
| အသုံးစရိတ် | နည်း | များ | များ | များ | သင့် | နည်း | နည်း | သင့် | များ | သင့် | နည်း | နည်း |
| ချေးငွေလိုအပ်မှု | များ | နည်း | နည်း | နည်း | သင့် | များ | များ | နည်း | နည်း | နည်း | များ | များ |
| ထမင်းစားလုံလောက်မှု | များ | များ | များ | သင့် | သင့် | နည်း | နည်း | သင့် | များ | များ | များ | များ |
| သောက်သုံးရေ | သင့် | များ | များ | များ | များ | များ | များ | သင့် | သင့် | သင့် | သင့် | သင့် |
| ဓါတ်ရှိအစာရရှိမှု | များ | များ | သင့် | သင့် | နည်း | နည်း | နည်း | များ | သင့် | နည်း | သင့် | များ |
| ကူးစက်ရောဂါဖြစ်ပွားမှု | သင့် | နည်း | နည်း | နည်း | နည်း | နည်း | သင့် | သင့် | နည်း | နည်း | နည်း | နည်း |
| လူကျန်းမာရေး | နည်း | နည်း | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း | နည်း |
| ဒီ:ဂျပ်: ရွှာ:ကျမှု | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | များ | နည်း |
| ဥတောက် | နည်း | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ | နည်း | နည်း | များ |
| သဘာဝဘေး | နည်း | နည်း | နည်း | နည်း | သင့် | သင့် | နည်း | နည်း | နည်း | နည်း | နည်း | နည်း |

## ၃။ တည်နေရာနှင့် ပထဝီအနေအထား

သရောဘုန်းချောင်းဖျားကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၏ အရှေ့ဘက်(၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကံချောင်(သရောဘုန်း)ကျေးရွာအုပ်စု၏ ကျေးရွာ(၆)ရွာအနက် ကျေးရွာခွဲ(၁)ရွာဖြစ်ပြီး သရောဘုန်းကျေးရွာ၊ မကျီးချောင်းကျေးရွာတို့နှင့်တစ်ဆက်စပ်တည်းတည်ရှိနေသောကျေးရွာဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် တာဝန်ရှိအကြီးအကဲများအရောက်အပေါက်နည်းပြီး သတိထားမှုမရှိ၍ ဖွံ့ဖြိုးမှုအလွန်အားနည်းပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဖက်ဖက်မှ ဖွံ့ဖြိုးမှုအားနည်းသော ရွာငယ်လေးတစ်ရွာဖြစ်ပါသည်။

## ၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တွင်းထွက်ဆိုင်ရာ သဘာဝအရင်းအမြစ်များ မရှိသော်လည်း နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး၌ ရေချိုရရှိသောဒေသဖြစ်ကာ နှစ်စဉ်မိုးရေချိန်လက်မ(၈၀)ခန့်ရှိပါသည်။ ဒေသပေါက်ပင်များအနေဖြင့် ညောင်ပင်၊ ဓနိ၊ လမု၊ သမည့်၊ ကနစို စသည့်အပင်များပေါက်ရောက်တတ်ပါသည်။ စိုက်ပျိုးမြေဧက (၁၉၆)ဧကရှိပြီး နွေစပါးနှင့်မိုးစပါးတို့ကို စိုက်ပျိုးနိုင်ပါသည်။ အခြားရာသီထွက်သီးနှံများ စိုက်ပျိုးမှုရှိသော်လည်း ဖြစ်ထွန်းအောင်မြင်မှုနည်းပါးသဖြင့် လယ်မြေများ၌ စပါးကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေ(၃)ဧကခန့်ရှိ၍ အုန်းပင်၊ ကွမ်းသီးပင်၊ သရက်ပင်၊ ငှက်ပျောပင်၊ ကုက္ကိုပင်များစိုက်ပျိုးကြပါသည်။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ကျေးရွာတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကျသော လူငယ်များရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဆင်းရဲသည့်မိသားစုနေထိုင်သည့် ကျေးရွာဖြစ်ခြင်းနှင့် အဓိကလိုအပ်ချက်ဖြစ်သော ငွေကြေးအခက်အခဲကြောင့် ဆန္ဒရှိသော်လည်း လုပ်ငန်းအောင်မြင်မှုနည်းပါးကာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်း သာရေး/နာရေးကိစ္စရပ်များအတွက် လူကြီးများ၏ဦးဆောင်မှုဖြင့် လူငယ်များမှ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ မိရိုးဖလာအဖွဲ့အစည်းများသာ ဦးဆောင်ကျပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းမရှိပါ။ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များနှင့် ရပ်မိရပ်ဖများမှ ဦးဆောင်၍သာ အကောင်အထည်ဖော်ဆောင်ရွက်နေကြပါသည်။

## ၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာ၏အဓိကစိုက်ပျိုးရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်ပြီး မိုးစပါးကေ (၁၉၆)ကေခန့် စိုက်ပျိုးကာ နွေစပါးကိုလည်း မိုးစပါးအပြီးတွင် စိုက်ပျိုးကြပါသည်။ စပါးကို အဓိကအားထားစိုက်ပျိုးကြပြီး လယ်ပိုင်ယာပိုင်မရှိသော အိမ်ထောင်စုများ အနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် စာရင်းငှား၊ နေ့စားများအဖြစ် ဝင်ရောက် လုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင် သူများမရှိပါ။ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ငွေကြေးအရင်းအနှီးများနှင့် နည်းပညာအကူအညီများလိုအပ်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့် ဈေးရောင်းခြင်း၊ ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချခြင်း၊ အဝတ်အထည်ရောင်းချခြင်း၊ လက်လုပ်မုန့်များရောင်းချသည့် လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ လက်လုပ် လက်စားကျပန်းများအနေဖြင့် လယ်ပိုင်ရှင်များထံတွင် နေ့စားလုပ်ငန်းများ လုပ်ကိုင် လျက်ရှိပါသည်။ အချို့မှာ ကယ်ရီဆွဲခြင်း၊ ပန်းရံလုပ်ငန်းလုပ်ကိုင်ခြင်း၊ စက်ပြင်ခြင်း အစရှိသည့်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ကေလျှင် (၁၅၀၀၀၀/-)ကျပ်နှုန်း (၁၀)ကေ အကန့်အသတ်ဖြင့်သာ ထုတ်ချေးပေး ပါသည်။ အခြားငွေချေးဝန်ဆောင်မှုများရှိသော်လည်း မတွင်ကျယ်ပါ။ စိုက်ပျိုးထုတ် လုပ်သော သီးနှံများမှရရှိသည့်ဝင်ငွေသည်လည်း စိုက်ပျိုးစရိတ်ကာမိရန်ပင် အားစိုက် ဆောင်ရွက်နေရပါသည်။ ထို့ကြောင့် လယ်ယာလုပ်ငန်းဖွံ့ဖြိုးနိုင်စေရန် အတိုးနှုန်း သက်သာစွာဖြင့် နှစ်ရှည်ချေးငွေလိုအပ်လျက်ရှိပါသည်။

## ၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးအနေဖြင့် ရေလမ်းကိုသာ အဓိကအားထားရပါသည်။ ကုန်းလမ်းအနေဖြင့် မြောင်းမြမြို့နှင့် စကမြားကျေးရွာ ဆက်သွယ်ထားသော ဆက်သွယ်ရေးလမ်းသည် မြေသားလမ်းဖြစ်ခြင်းကြောင့် ရာသီမရွေးသွားလာရန် ခက်ခဲပြီး မိုးရာသီတွင် အသုံးပြုမှုနည်းပါးပါသည်။ နွေရာသီ၌သာ အသုံးပြုမှုပိုများကြောင်းတွေ့ရပါသည်။ အဓိက အားထားရသည့် ရေလမ်းသည်လည်း သယ်ယူပို့ဆောင်ရာတွင် ချောင်းငယ်များဖြစ်သည့်အတွက် စက်လှေငယ်များဖြင့်သာ သွားလာ၍ရသဖြင့် သယ်ယူပို့ဆောင်ရာ၌ အခက်အခဲရှိပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မီးလင်းရေးအနေဖြင့် မြောင်းမြမြို့နှင့် (၄)ခန့်အသာ ကွာဝေးသော်လည်း ချောင်းငယ်/မြောင်းငယ်များပေါ်များသဖြင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိနိုင်ခြင်းမရှိပါ။ ကျေးလက်ဦးစီးဌာနမှ ထုတ်ပေးသော ဆိုလာမီးကိုလည်း အသုံးပြုသော အိမ်ထောင်စုအနည်းငယ်ရှိပြီး အချို့အိမ်များတွင် ကိုယ်ပိုင်ဆိုလာမီးဖြင့် လျှပ်စစ်မီး ရရှိရေးအတွက် အသုံးပြုကြပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် သတင်းနှင့်ဆက်သွယ်ရေးအတွက် ယခင်က လူကြုံဖြင့် သတင်းစကားပါးခြင်း၊ စာကြုံပါးခြင်းဖြင့် အချင်းချင်းဆက်သွယ်ကြပြီး ကြိုးဖုန်းအသုံးပြုသူအနည်းစုသာရှိပါသည်။နည်းပညာတိုးတက်လာသည်နှင့်အမျှ Ooredoo၊ Telenor ၊ MPT၊ Mytel အစရှိသည့် ဈေးသက်သာသည့် Operators များဝင်ရောက်လာခြင်းကြောင့် လက်ကိုင်ဖုန်းများဖြင့် ဆက်သွယ်ကြပါသည်။ သတင်းများအနေဖြင့် Tv ကြည့်ရှုခြင်း၊ Facebook ကြည့်ရှုခြင်း၊ ရေဒီယိုနားထောင်ခြင်းတို့ကို အသုံးပြုကြပါသည်။

## ၈။ ပညာရေး

ပညာရေးအနေဖြင့် ကျေးရွာတွင် မူလတန်းလွန်အဆင့်ရှိသည့် စာသင်ကျောင်းသာရှိပါသည်။ အလယ်တန်းကျောင်းသား/သူများသည် မိနစ်(၃၀)ခန့် လမ်းလျှောက်၍သွားရသည့်

တံခွန်တိုင်ကျေးရွာသို့လည်းကောင်း၊ အထက်တန်းကျောင်းသား/သူများသည် (၁)နာရီခန့် လမ်းလျှောက်၍ သွားရသည့် စခန်းကြီးကျေးရွာသို့လည်းကောင်း သွားရောက်၍ ပညာသင်ကြားရပါသည်။ ကျေးရွာတွင် ကောင်းမွန်သော ဆက်သွယ်ရေးလမ်းမရှိသောကြောင့် မိုးရာသီ၌ ရွံ့ဗွက်များရှိသည့်အတွက် သရောဘုန်းကျေးရွာမှတဆင့် စခန်းကြီးကျေးရွာသို့ ကျောင်းသွားတက်ရသည်မှာ အခက်အခဲရှိပါသည်။ ကျေးရွာတွင် ၁၂နှစ်အရွယ်မှစ၍ နေ့စားအလုပ်ဆင်းကာ မိသားစုစားဝတ်နေရေးဖြေရှင်းနေရသည့်အတွက် ကျောင်းနေအရွယ်ကလေးများကပင် စားဝတ်နေရေးအတွက် ရုံးကန်နေရခြင်းကြောင့် ကျေးရွာတွင် ပညာရေးအဆင့်မြှင့်တင်ရန် အရေးတကြီးလိုအပ်ပါသည်။

## ၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိ ကျေးရွာသူ/သားအများစုမှာ ကျန်းမာရေးကောင်းမွန်ကြပြီး နာတာရှည်ရောဂါသည်များ မရှိ၍ ကူးစက်ရောဂါ ဖြစ်ပွားမှုနည်းပါးပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသေးခြင်းကြောင့် အရေးကြီးလူနာများအား မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ သွားရောက်ဆေးကုသရပါသည်။ သဘာဝသီးနှံများကိုသာ စားသုံးလေ့ရှိသဖြင့် အဟာရချို့တဲ့မှုမရှိသော်လည်း သင့်တင့်မျှတသော ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံကို မရရှိပါ။ သာမန်အားဖြင့် ကူးစက်ရောဂါဆိုးများ ကူးစက်ခြင်းအခြေအနေမရှိပါ။ သုံးရေအနေဖြင့် ချောင်းရေကိုသာ အသုံးပြုကြပြီး သောက်ရေအနေဖြင့် ကျေးရွာတွင် သောက်ရေကန်ရှိပါသည်။

## ၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏အဓိကလယ်ယာမြေလုပ်ငန်းတွင် အသုံးပြုသော ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများမှာ များစွာအန္တရာယ်ရှိပါသည်။ ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကိုသုံးစွဲရာတွင် နည်းလမ်းမှန်မှန်အသုံးပြုနိုင်ခြင်းမရှိသေးသဖြင့် ဓာတုဆေးဝါးများအလွန်အကျွံ သုံးစွဲခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများရှိနေပါသည်။ သို့သော် အများစုမှာ သာမန်အနေဖြင့် မသိရှိနိုင်သည့် အခြေအနေများရှိပါသည်။ ဒီရေရောက်ဒေသဖြစ်သောကြောင့် ဒီရေအတက်အကျရှိပြီး ရေကြောင့် သဘာဝဆိုးကျိုးများလည်းဖြစ်ပေါ်နိုင်ပါသည်။

## ၁၁။ ကျား/မ ရေးရာ

ကျား/မရေးရာဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူဆောင်ရွက်လေ့ရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများလုပ်ကိုင်ကြရသည့်အပြင် အခြားလူမှုရေးကိစ္စများလည်း ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင်လည်း ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်းများဆောင်ရွက်ကြပါသည်။ အမျိုးသားများသည် လယ်ထွန်ခြင်း၊ ပျိုးနုတ်ခြင်းစသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများအခန်းကဏ္ဍအသင့်အတင့်သာရှိပါသည်။

## ကျေးရွာဦးစားပေးစီမံချက်များ

မြောင်းမြမြို့နယ်

သရောဘုန်းချောင်းဖျားကျေးရွာ

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အမည် | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၉၉ | ၁ |
| ၂ | ချောင်းကူး တံတားတည်ဆောက်ခြင်းလုပ်ငန်း | ၉၄ | ၂ |
| ၃ | မြစိမ်းရောင်ကျေးရွာစီမံကိန်း | ၉၀ | ၃ |
| ၄ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း | ၈၅ | ၄ |
| ၅ | လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း | ၈၀ | ၅ |
| ၆ | ကျေးရွာစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း | ၇၈ | ၆ |

ပြုစုသူအမည် - စ’အောင်သက်ပိုင်

ဖုန်းနံပါတ် - ၀၉-၆၈၃၆၉၂၄၇၉

နောက်ဆက်တွဲ(၁)

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **ကဏ္ဍ - လမ်း** | | | | | |
| ၁ | ကျေးရွာတွင်း လမ်းမကောင်း ခြင်း | လက်ရှိကျေးရွာတွင်း လမ်းမှာ မြေသားလမ်း ဖြစ်ပြီးမိုးရာသီတွင်ရွှံ့ ဗွက်များထခြင်းကြောင့် ကျောင်းသား/သူများ သွားလာရန်ခက်ခဲခြင်း | ရွာသူ/သားများမှာ စည်း လုံးမှုရှိခြင်း၊ ငွေကြေး အသင့်အတင့်ထည့်ဝင်နိုင် ခြင်း၊ စုပေါင်းလုပ်အား ပေးနိုင်ခြင်း။ | လိုအပ်သောငွေ ကြေးပမာဏလုံ လောက်မှုမရှိခြင်း။ | ကျေးရွာလမ်းဖြစ်မြောက် ရေးကော်မတီဖွဲ့စည်းပြီး အထောက်အပံ့ပေးနိုင် သောပြည်တွင်း/ပြည်ပ အလှူရှင်များ၊ သက်ဆိုင် ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။ | ကျေးရွာတွင်း လမ်းကွန်ကရစ်ခ င်းခြင်း (၁၀၇၁’x၆’x၆”) |
| | **ကဏ္ဍ - တံတား** | | | | | |

နောက်ဆက်တွဲ(၁)

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | ချောင်းကူး တံတား ပျက်စီး နေခြင်း | ကျေးရွာချင်းဆက် ချောင်းကူးတံတားမှာ ဝါးတံတား ဖြစ်ပြီး ပျက်စီးဆွေးမြေ့နေခြင်း | ကျေးရွာမှ ငွေကြေးနှင့် လုပ်အား အသင့်အတင့် စိုက်ထုတ်နိုင်ခြင်း။ | ကျေးရွာမှ ကိုယ်ထူ ကိုယ်ထဆောင် ရွက်ရန်ငွေကြေး မတတ်နိုင်ခြင်း။ | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။ | ချောင်းကူး တံတား တည် ဆောက်ခြင်း |
| | **ကဏ္ဍ - ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** | | | | | |
| ၃ | ရွာသူ/သားများငွေ ကြေးဖူလုံမှုမရှိ ခြင်း။ | ကျေးရွာရှိအိမ်ထောင်စု များမှလိုအပ်သောငွေ ကြေးများကိုအတိုးနှုန်း သက်သာစွာဖြင့်ချေးယူ လိုခြင်း။ | ကျေးရွာသူ/သားများအား လုံးစိတ်ပါဝင်စားမှုရှိခြင်း။ | ကျေးရွာရှိအိမ် ထောင်စုများမှလို အပ်သောငွေကြေး များကိုအတိုးနှုန်း ကြီးစွာဖြင့်ချေးယူ နေရခြင်း။ | စီမံကိန်းအတွက်လိုအပ် သောကော်မတီဝင်များ ဖွဲ့စည်းပြီး သက်ဆိုင်ရာ ဌာနများဖြင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | မြစိမ်းရောင် ကျေးရွာစီမံကိန်း |
| | **ကဏ္ဍ - ကျန်းမာရေး** | | | | | |

နောက်ဆက်တွဲ(၁)

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | ကျေးလက်ဆေး ပေးခန်းမရှိခြင်း | သာမန်ကျန်းမာရေးစစ်ဆေးရန်ခက်ခဲခြင်း၊ ကျန်းမာရေးနှင့်သက်ဆိုင်သောအစားအသောက်အလေ့အကျင့်ကောင်းစသည့်ဗဟုသုတများအားနည်းခြင်း၊ ကလေးငယ်များနေမကောင်းဖြစ်ပါကအခြားကျေးရွာသို့သွားရောက်ဆေးကုသရခြင်း | ဆေးပေးခန်းဆောက်လုပ်ရန်အတွက် မြေနေရာပေးနိုင်ခြင်း။ | ငွေကြေးအလုံအလောက်မရှိခြင်း။ | ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ လိုအပ်ချက်များတင်ပြတောင်းခံခြင်း။ | ကျေးလက်ဆေး ပေးခန်းတည် ဆောက်ခြင်း |

နောက်ဆက်တွဲ(၁)

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **ကဏ္ဍ - မီးလင်းရေး** | | | | | |
| ၅ | မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိခြင်း | ကျေးရွာတွင် ဆိုလာနှင့်ဘက်ထရီအသုံးပြုရသည့်မီးကိုသာသုံးစွဲနေရခြင်း | ငွေကြေးအသင့်အတင့် ထည့်ဝင်နိုင်ခြင်း။ | ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရန်အတွက်ငွေကြေး မပြည့်စုံခြင်း။ | သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊ မီးလင်းရေးကော်မတီ တစ်ရပ်ဖွဲ့စည်းခြင်း။ | မဟာဓါတ်အားလိုင်းမှလျှပ်စစ် မီးသွယ်တန်းခြင်း |
| | **ကဏ္ဍ - ပညာရေး** | | | | | |
| ၆ | စာသင်ကျောင်းဆောင်လုံလောက်မှုမရှိခြင်း | အခြားကျေးရွာများရှိ အလယ်/အထက်တန်းကျောင်းများသို့တက်ရောက်ရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ အဆင်မပြေသော မိသားစုဝင်များအခက်အခဲရှိခြင်း | တည်ဆောက်ရန်မြေနေရာရှိခြင်း၊ စုပေါင်းလုပ်အားပေးနိုင်ခြင်း။ | ငွေကြေးအလုံအလောက်မရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း။ | သက်ဆိုင်ရာဌာနများ၊ အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | ကျေးရွာစာသင်ကျောင်းဆောင် တည်ဆောက် ခြင်း |

နောက်ဆက်တွဲ(၁)

# ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | | |

နောက်ဆက်တွဲ(၂)

## မြောင်းမြမြို့နယ် ကံချောင်သရောဘုန်းကျေးရွာအုပ်စု၊ သရောဘုန်းချောင်းဖျားကျေးရွာ

## ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | မန်းစအုန်းငွေ | ဦးမောင်ပိ | ၁၄/မမန(နိုင်) ၁၆၁၇၈၄ | ၄၇ | ဥက္ကဋ္ဌ | ၀၉-၇၈၄၆၇၅၆၆ |
| ၂ | နော်မူမူဖော | စောလယ်ဒို | ၁၄/မမန(နိုင်) ၂၇၈၁၃၀ | ၄၁ | အတွင်းရေးမှူး | |
| ၃ | ဂျဲမေရီစိန် | မန်းကျော်အိ | ၁၄/မမန(နိုင်) ၁၂၉၉၆၀ | ၅၂ | ဘဏ္ဍာရေးမှူး | ၀၉-၆၇၇၈၈၁၈၇၀ |
| ၄ | စ’အောင်သက်ပိုင် | စောတာဖိုးရာ | ၁၄/မမန(နိုင်) ၃၃၅၅၇၁ | ၂၀ | စာရင်းကိုင် | ၀၉-၆၈၃၆၉၂၄၇၉ |
| ၅ | မန်းစခလိန်စောဘွား | မန်းစောသလယ် | ၁၄/မမန(နိုင်) ၂၁၃၂၃၀ | ၃၆ | ဝယ်ယူရေးဆပ်ဥက္ကဋ္ဌ | ၀၉-၆၉၈၃၅၉၄၁၃ |
| ၆ | စံငွေဝင်း | မန်းစံဝင်းဗိုလ် | ၁၄/မမန(နိုင်) ၃၄၈၁၇၆ | ၁၉ | အဖွဲ့ဝင် | ၀၉-၇၈၀၉၇၈၂၄၃ |
| ၇ | နန့်အေလိ | မန်းရွှေဖန် | ၁၄/မမန(နိုင်) ၂၁၃၂၄၃ | ၄၃ | အဖွဲ့ဝင် | ၀၉-၆၈၃၇၂၉၈၉၅ |

**ပုံစံ(၁)**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)**

| | | |
|---|---|---|
| **ကျေးရွာ** | - | သရောဘုန်းချောင်းဖျား |
| **ကျေးရွာအုပ်စု** | - | ကံချောင်(သရောဘုန်း) |
| **မြို့နယ်** | - | မြောင်းမြမြို့ |
| **တိုင်းဒေသကြီး/ပြည်နယ်** | - | ဧရာဝတီတိုင်းဒေသကြီး |
| **စီမံချက်အမည်** | **-** | ကွန်ကရစ်လမ်းခင်းခြင်း |

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ**

- လက်ရှိကျေးရွာတွင် အသုံးပြုလျက်ရှိသော ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်၍ မိုးတွင်း အခါတွင် ရွှံ့ဗွက်များထ၍ ကျောင်းသူ/သားများနှင့် ရွာသူ/ရွာသားများ သွားလာရေး ခက်ခဲမှုများရှိနေပါသည်။

**စီမံကိန်း၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)**

- ကျောင်းသူ/သားများနှင့် ကျေးလက်နေပြည်သူများ၏ သွားလာရေးပိုမိုလွယ်ကူစေရန်နှင့် ကျေးရွာ၏လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားတိုးတက်လာစေရန်။

**မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ)**

- ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းကြောင့် ကျောင်းသူ/သားများနှင့် ကျေးလက်နေပြည် သူများ၏သွားလာရေးနှင့် လူနေမှုအဆင့်အတန်းတိုးတက်လာမည်။
- ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာခြင်းနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ တိုးတက်မြင့်မားလာမည်။

**စီမံကိန်းဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)**

- ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)

| |
|---|
| ရန်ပုံငွေကျပ်(၁၀)သန်း ၊ ပြည်သူထည့်ဝင်ငွေကျပ်(၃)သန်း ၊ စုစုပေါင်း ကျပ်(၁၃) သန်းဖြင့် (၁၀၇၁'×၆'×၆")ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။ |

| **ကုန်ကျစရိတ်ထည့်ဝင်မှု** | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
| • **၁၀၀၀၀၀၀၀ ကျပ်**<br>• **၃၀၀၀၀၀၀ ကျပ်**<br>• **လုပ်အား (ပစ္စည်း/လုပ်အား)** | • **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**<br>• **ကျေးရွာ**<br>• **ကျေးရွာ** |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | **၃၄၀** | **၃၂၆** | **၆၆၆** | **၁၅** | **၅၀** | **၆၁** | **၂၀** | **၁၄၆** |
| **အကျိုးခံစားမည့်ဦးရေ** | **၃၄၀** | **၃၂၆** | **၆၆၆** | **၁၅** | **၅၀** | **၆၁** | **၂၀** | **၁၄၆** |
| မှတ်ချက်။ ချောင်လည်အဆင့်၁၊အလယ်အလတ်အဆင့်၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄ | | | | | | | | |

## စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်

| | |
|---|---|
| **(၁)** | **တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)**<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) | **စီမံချက်စတင်မည့်အချိန်(ခန့်မှန်း)** - ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလ |
| (၃) | **စီမံချက်ပြီးစီးမည့်အချိန်(ခန့်မှန်း)** -၂၀၂၂ ခုနှစ် ၊ ဒီဇင်ဘာလ |
| (၄) | **ကျေးရွာထည့်ဝင်ငွေမှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်** |
| * | ကျေးရွာဘက်မှ သင့်တင့်သောငွေကြေးထည့်ဝင်ပါမည်။ |
| * | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာလူထုမှလည်း |

| | |
|---|---|
| | လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားပါမည်။ |
| (၅) | **လုပ်ငန်းလည်ပတ်ရေး ၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ** |
| * | ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များ ဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။ |
| * | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့်ပတ်သက်၍ ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ |
| * | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးချိန်တွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ပြည်သူများမှ တာဝန်ယူထိန်းသိမ်းသွားပါမည်။ |
| * | စီမံကိန်းပြီးလျှင်ပြီးခြင်း သက်ဆိုင်ရာဦးစီးထံသို့ အထောက်အထားများနှင့်တကွပြီးကြောင်းအစီရင်ခံစာပေးပို့ပါမည်။ |

**ပုံစံ(၂)**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)**

| | | |
|---|---|---|
| **ကျေးရွာ** | - | သရောဘုန်းချောင်းဖျား |
| **ကျေးရွာအုပ်စု** | - | ကံချောင်(သရောဘုန်း) |
| **မြို့နယ်** | - | မြောင်းမြမြို့ |
| **တိုင်းဒေသကြီး/ပြည်နယ်** | - | ဧရာဝတီတိုင်းဒေသကြီး |
| **စီမံချက်အမည်** | **-** | ချောင်းကူးတံတားတည်ဆောက်ခြင်း |
| **စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ** | | |
| • ကျေးရွာ၏ အိမ်ခြေတစ်ချို့မှာ ချောင်းတစ်ဘက်ကမ်းတွင် တည်ရှိနေကြသဖြင့် ကျောင်းသား/ သူများနှင့် ရွာသူ/သားများ သွားရေးလာရေး အခက်အခဲများစွာရှိနေပါသည်။ | | |
| **စီမံကိန်း၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)** | | |
| • ကျေးရွာဖွံ့ဖြိုးလာစေရန်နှင့် ကျေးလက်နေပြည်သူများ၏ သွားလာရေးနှင့် လူနေမှုအဆင့် အတန်းများ ပိုမိုမြင့်မားတိုးတက်လာစေရန်၊ | | |
| **မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ)** | | |
| • ချောင်းကူးတံတားတည်ဆောက်ခြင်းဖြင့် သွားရေးလာရေးအဆင်ပြေချောမွေ့လာမည်။<br>• ကျေးရွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ တိုးတက် မြင့်မားလာမည်။ | | |
| **စီမံကိန်းဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)** | | |
| • | | |

| **ကုန်ကျစရိတ်ထည့်ဝင်မှု** | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
| • | • |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | **၃၄၀** | **၃၂၆** | **၆၆၆** | **၁၅** | **၅၀** | **၆၁** | **၂၀** | **၁၄၆** |
| **အကျိုးခံစားမည့်ဦးရေ** | **၃၄၀** | **၃၂၆** | **၆၆၆** | **၁၅** | **၅၀** | **၆၁** | **၂၀** | **၁၄၆** |
| မှတ်ချက်။ ချောင်လည်အဆင့်၁၊အလယ်အလတ်အဆင့်၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်**

| | |
|---|---|
| **(၁)** | **တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)**<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) | **စီမံချက်စတင်မည့်အချိန်(ခန့်မှန်း)** - ၂၀ ခုနှစ် ၊ လ |
| (၃) | **စီမံချက်ပြီးစီးမည့်အချိန်(ခန့်မှန်း)** -၂၀ ခုနှစ် ၊ လ |
| (၄) | **ကျေးရွာထည့်ဝင်ငွေမှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်** |
| * | ကျေးရွာဘက်မှ သင့်တင့်သောငွေကြေးထည့်ဝင်ပါမည်။ |
| * | ချောင်းကူးတံတားတည်ဆောက်ရာတွင် ကျေးရွာလူထုမှလည်း လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားပါမည်။ |
| (၅) | **လုပ်ငန်းလည်ပတ်ရေး ၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ** |
| * | ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက်ကျေးရွာလိုအပ်ချက်များ ဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲပါမည်။ |
| * | ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ |

* ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးချိန်တွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ပြည်သူများမှတာဝန်ယူထိန်းသိမ်းသွားပါမည်။
* စီမံကိန်းပြီးလျှင်ပြီးခြင်း သက်ဆိုင်ရာဌာနစီးထံသို့ အထောက်အထားများနှင့်တကွပြီးကြောင်း အစီရင်ခံစာပေးပို့ပါမည်။

**ပုံစံ(၃)**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)**

| | | |
|---|---|---|
| **ကျေးရွာ** | - | သရောဘုန်းချောင်းဖျား |
| **ကျေးရွာအုပ်စု** | - | ကံချောင်(သရောဘုန်း) |
| **မြို့နယ်** | - | မြောင်းမြမြို့ |
| **တိုင်းဒေသကြီး/ပြည်နယ်** | - | ဧရာဝတီတိုင်းဒေသကြီး |
| **စီမံချက်အမည်** | **-** | မြစိမ်းရောင်ကျေးရွာစီမံကိန်း |

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ**

- လက်ရှိကျေးရွာတွင် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော ငွေကြေးအရင်းအနှီး အခက်အခဲရှိခြင်း။

**စီမံကိန်း၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)**

- ကျေးရွာရှိအိမ်ထောင်စုများမှ လိုအပ်သောငွေကြေးများကို အတိုးနှုန်းကြီးစွာဖြင့်ချေးယူနေရသဖြင့် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိပါက ကျေးရွာ၏စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်။

**မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိပါက ကျေးရွာအတွက် လိုအပ်သောငွေကြေးကို အတိုးနှုန်းသက်သာစွာဖြင့် ချေးယူရသဖြင့် စီးပွားရေးလုပ်ငန်းများပိုမိုတိုးတက်လာမည်။
- ဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရမည်ဆိုပါက စာရင်းဇယားများကိုလုပ်ကိုင်ဆောင်ရွက်ရသဖြင့် ကျေးရွာရှိလူများ၏ စွမ်းဆောင်ရည်တိုးတက်လာမည်။
- အဆိုပါစီမံကိန်းမှ ရရှိသော အတိုးငွေများကိုလည်း ကျေးရွာ၏ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ရမည်ဆိုပါက ပညာရေး၊ကျန်းမာရေး၊လူမှုရေးကဏ္ဍများ တိုးတက်မြင့်မားလာမည်။

| စီမံကိန်းဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) | |
|---|---|
| • မြစိမ်းရောင်ကျေးရွာစီမံကိန်း အများနှင့်သက်ဆိုင်သောမတည်ရန်ပုံငွေကျပ်(၃၀)သန်းအားချထားဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာရှိ ရွာသူ/သားများမှ စိတ်အားထက်သန်မှုရှိသဖြင့် လိုအပ်သော ကျေးရွာကော်မတီဝင်များအားဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |
| **ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
| | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၄၀ | ၃၂၆ | ၆၆၆ | ၁၅ | ၅၀ | ၆၁ | ၂၀ | ၁၄၆ |
| **အကျိုးခံစားမည့်ဦးရေ** | ၃၄၀ | ၃၂၆ | ၆၆၆ | ၁၅ | ၅၀ | ၆၁ | ၂၀ | ၁၄၆ |
| မှတ်ချက်။ ချောင်လည်အဆင့်၁၊အလယ်အလတ်အဆင့်၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်**

| | |
|---|---|
| **(၁)** | **တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)** |
| | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) | **စီမံချက်စတင်မည့်အချိန်(ခန့်မှန်း)** -၂၀ ခုနှစ် ၊ လ |
| (၃) | **စီမံချက်ပြီးစီးမည့်အချိန်(ခန့်မှန်း)** -၂၀ ခုနှစ် ၊ လ |
| (၄) | **ကျေးရွာထည့်ဝင်ငွေမှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်** |
| * | ကျေးရွာမှ ကော်မတီဝင်များဖွဲ့စည်းပြီး စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| (၅) | **လုပ်ငန်းလည်ပတ်ရေး ၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ** |
| * | ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက်ကျေးရွာ၏ လိုအပ်ချက်များ ဆွေးနွေးတိုင်ပင် |

| |
|---|
| ၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲပါမည်။<br>* စီမံကိန်းရရှိမည်ဆိုပါက အဆိုပါ စီမံကိန်းအား ရေရှည်လည်ပတ်နိုင်စေရေးအတွက်စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ |

**နောက်ဆက်တွဲ (၃)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၁၆ | ၂၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၇ | ၃၃ | ၇၀ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၃ | ၄၄ | ၉၇ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၃၃ | ၂၂၆ | ၄၅၉ | ၁ | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂ | ၆ | ၈ | | |
| **စုစုပေါင်း** | | **၃၄၀** | **၃၂၆** | **၆၆၆** | **၁** | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၁၄၆ | | | | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်** (၁)
**နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက်** (၁) **နှစ်ပြည့်အရွယ်မှ** (၅)
**နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက်** (၅) **နှစ်ပြည့်သည်မှအသက်** (၁၀)
**နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်** (၁၀) **နှစ်ပြည့်သည်မှအသက်** (၁၅)
**နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်** (၁၅)**နှစ်ပြည့်သည်မှအသက်** (၆၅)
**နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက်** (၆၅)
**နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၄၆)စု ၊ လူဦးရေမှာ(၆၆၆)ဦးရှိပြီး ကျား(၃၄၀)ဦး ၊ မ(၃၂၆)ဦး ဖြစ်ပါသည်။ အသက်(၁)နှစ်အောက် ကလေးငယ်များ အနည်းငယ်မျှသာရှိပြီး အလုပ်လုပ်ကိုင်နိုင်သော လူဦးရေမှာ ရွာရှိလူဦး၏ထက်ဝက်ကျော်မျှရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သော လူဦးရေများပြားသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုဖြစ်စေပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၁ | ၁၁၁ | ၆ | ၇၆ | ၃၅ | ၂၀ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | | ၂ | ၂ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၉၃ | ၂၂၉ | ၁၄ | ၁၂၆ | ၁၀၃ | ၂၃ | ☒ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၄၆ | ၃၄၄ | ၂၀ | ၂၀၄ | ၁၄၀ | ၄၃ | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ သရောဘုန်းချောင်းဖျားကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် ကိုယ်ပိုင်ဈေးရောင်းခြင်း၊ ကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အချို့အိမ်ထောင်စုများမှာ မွေးမြူရေးကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပြီး စီးပွားဖြစ်မွေးမြူခြင်းမရှိပါ။ နေ့စားလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများ လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုသူဦးရေမှာ ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၇၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။။** လယ်ယာလုပ်ငန်းနှင့်အခြားနေ့စားလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြသည့် အလုပ်သမားများ၏တစ်နေ့တာလုပ်အားခမှာ (၅၀၀၀)ကျပ်ရရှိပြီး နာရီဖြင့်တွက်လျှင် တစ်နာရီလုပ်အားခမှာ (၆၂၅) ကျပ်သာရရှိကြောင်းတွေ့ရှိရပါသည်။ ပန်းရံ၊ လက်သမားများ၏လုပ်အားခမှာ(၁၀၀၀၀)ကျပ်ရရှိသော်လည်း နေ့စဉ်လုပ်ငန်းလည်ပတ်ရန်မရှိခြင်း၊ အမျိုးသမီးများ၏ တစ်နေ့တာလုပ်အားခမှာ အမျိုးသားများ၏ လုပ်အားခနှင့်အနည်းငယ်ကွာဟမှုရှိကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၉၆ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၂၀၁ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ သရောဘုန်းချောင်းဖျားကျေးရွာတွင် လယ်ယာမြေ(၁၉၆)ဧက၊ ဥယျာဉ်ခြံမြေမှာ(၃)ဧကနှင့် ဓနိတောမြေ(၂)ဧက စုစုပေါင်း(၂၀၁)ဧကရှိပါသည်။ စိုက်ပျိုးမြေဆီလွှာ အရည်အသွေးမှာ သင့်တင့်ကောင်းမွန်ပြီး စပါးသီးနှံကိုသာ အဓိကစိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ခက်☐ အသုံးမပြုနိုင်ပါ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ | များ ☐ သင့် ☑ နည်း ☐ | လွယ် ☑ ခက်☐ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ☑ | လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** သရောဘုန်းချောင်းဖျားကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ၊ သဲ၊ ကျောက်စရစ်များမထွက်ရှိပါ။ သဘာဝဆေးဘက်ဝင်အပင်များ အနည်းငယ်ရှိသော်လည်း အသုံးပြုမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

